## လေးခွမြက်


Scientific name - *Dactyloctenium aegyptium* (L.) Willd.

Common name - Crowfoot grass

Family - Poaceae








အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်မျိုးဖြစ်ပြီး တစ်နေရာတည်းမှပြန့်ကားစွာပေါက်ပြီး အောက်ခြေအဆစ်များမှ အမြစ်များထွက်သည်။ အရွက်မျက်နှာပြင်နှစ်ဖက်စလုံးနှင့် အထူးသဖြင့်ရွက်နားတွင် အမွေးရှိပြီး ကျယ်ပြန့်ရှည်လျားသည်။ ၄က်ခြေထောက်ပုံရှိပန်းခိုင်သည် သိသာသောလက္ခဏာဖြစ်ပြီး ၅၀ စင်တီမီတာထိ ရှည်သည်။ စိမ်းဝါရောင်ရှိသောပန်းခိုင်၏ထိပ်တွင် ပြန့်ကားနေသော ထပ်ဆင့်ပန်းခိုင် ၄ ခုမှ ၈ ခုအထိ တွေ့ရသည်။ ထပ်ဆင့်ပန်းခိုင်တစ်ခုစီသည် ပွင့်ကိုင်းအောက်မှ ထောင့်မှန်ကျ၍ ထူထပ်သိပ်သည်းစွာထွက်ပြီး အတန်းနှစ်တန်းဖြစ်ပေါ်လျက်ရှိသည်။ အစေ့နှင့် ပင်ပိုင်းအားဖြင့်မျိုးပွားသည်။